ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁/ ၂၀၂၀

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ လ ၃၁ ရက် )

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်ရာထူးနေရာများအတွက် Online Application System (OAS) ကိုအသုံးပြုပြီး ၂၁-၂-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ Online Application System (OAS) ကို အသုံးပြု၍ Online မှ လျှောက်ထားရန်အခက်အခဲရှိသူများအနေဖြင့် ယခင်လျှောက်ထားသည့် ပုံစံအတိုင်း လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ၂၁ - ၂ - ၂၀၂၀ ရက်နေ့နောက်ဆုံးထားပြီး ပေးပို့လျှောက်ထားနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | ၁၂ နေရာ | M.B.,B.S. (ဆေးပညာဘွဲ့) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၂၁ - ၂ - ၂၀၂၀ ရက်နေ့တွင် အသက် ၃၅ နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်ရက်၌ ၂၀၁၉ခုနှစ်တွင် M.B.,B.S.(ဆေးပညာဘွဲ့)နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် ဆေးကုသလိုင်စင်(ဆမ) ရှိရမည်ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့် အတူ ပူးတွဲ ပေးပို့ရမည်၊

(င) ပြင်ပဘွဲ့ပညာရပ်ဆိုင်ရာ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီးကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မဟာဘွဲ့များဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာတင်သွင်းလိုသူများအနေဖြင့် နေရာဒေသမရွေး ကုန်ကျစရိတ်သက်သာစွာဖြင့် Online Application System (OAS) ကိုအသုံးပြု၍ အချိန်မီလျှောက်ထားနိုင်စေရန်ရည်ရွယ် စီမံဆောင်ရွက်ထားခြင်းဖြစ်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်–

(က) လျှောက်ထားသူသည် အွန်လိုင်းလျှောက်လွှာ (Online Application form)တွင် ဖြည့်သွင်းရန် အတွက် ချိတ်ဆက်ဝင်ရောက်ရမည့်လမ်းကြောင်း (oas.ucsb.gov.mm)သို့ ဝင်ရောက် ရပါမည်။လျှောက်ထားမှုပြုလုပ်ရန်အတွက် ကိုယ်ပိုင် e – Mail ကိုအသုံးပြု၍ စနစ်တွင် Account တစ်ခုတည်ဆောက်ရမည်ဖြစ်ပါသည်။[ မြန်မာယူနီကုဒ် ( ပြည်ထောင်စု စာလုံး Pyidaungsu Font )တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။]

(ခ) ဖြည့်သွင်းရမည့်စာမျက်နှာသို့ဝင်ရောက်ပြီးပါက လျှောက်ထားသူသည် လစ်လပ်ရာထူး၊ ဖြေဆိုလိုသည့် စာစစ်ဌာနနှင့်ကိုယ်ရေး အချက်အလက်တို့ကို မှန်ကန်စွာဖြည့်သွင်းပြီး ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ(ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့်ချလန်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမား မှတ်ပုံတင်ကတ်၊ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း)တို့ကို Scan ဖတ်၍ Attach ပြုလုပ်ပြီး Online Application System (OAS)မှတဆင့်ပေးပို့ရမည်၊

(ဂ) လျှောက်လွှာနှင့်အတူပူးတွဲပေးပို့သည့် စာရွက်စာတမ်းများ ပြည့်စုံပါက လျှောက်လွှာ လက်ခံရရှိကြောင်း လျှောက်ထားသူ၏ e – Mail သို့အကြောင်း ပြန်ကြားပေးပါမည်။

၄။ Online Application System (OAS)ကိုအသုံးပြု၍ လျှောက်လွှာတင်သွင်းရန်အတွက် အခက်အခဲ ရှိသူများအနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊အမှတ်(၆၅)၊အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၂၁ – ၂ – ၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၅။ အွန်လိုင်းလျှောက်လွှာ (Online Application Form) သို့လျှောက်ထားနည်းနှင့် လျှောက်လွှာ ဝယ်ယူလျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင်ဖော်ပြရမည့် အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀၀/– ပေးသွင်းရမည့် နည်းလမ်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များ နှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆– ၈ –၂၀၁၉

ရက်စွဲပါစာအမှတ်၊ ၂၁၄၃ / ရွေးချယ်ရေး (အခိက)၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၀၊ Online Application System (OAS)စနစ်သို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက် စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm ၊ www.ucsb.gov.mm ၊ Facebook Page ဖြစ်သော Union Civil Service Board Myanmar နှင့် Myanmar National Web Portal ဖြစ်သော https://www.myanmar.gov.mm တို့တွင်လည်း ဖော်ပြထားပါသည်။

၇။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၈။ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ ၁၅ ကို ကျင့်သုံးလျက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း မပြုဘဲ စိတ်အခြေအနေစစ်ဆေးခြင်းကို ၂၂ - ၄ - ၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၂၃ - ၄ - ၂၀၂၀ ရက်နေ့တွင်လည်းကောင်း စတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့် အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက်လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ ခုံအမှတ်၊ အမည်စာရင်းတို့ကို အဖွဲ့၏ Website ၊ Facebook Page နှင့် Myanmar National Web Portal တို့တွင် ၂၀ - ၃ - ၂၀၂၀ ရက်နေ့မှ စတင်ကြေညာပေးမည်ဖြစ်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၃၄၀၉၀၅၂ နှင့် ၀၆၇ - ၃၄၀၉၄၃၀၊ ၀၉ - ၄၂၀၇၀၆၆၀၄၊ ၀၉ - ၄၂၀၇၀၆၆၀၅၊ ၀၉ - ၄၂၀၇၀၆၆၀၆) (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။